မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ် မြေယာစွန့်ဥပဒေ

(၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၉။)

Final

# မွန်ပြည်နယ်မြေယာခွန်ဥပဒေ
## (၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၉။)
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း (၁) | |
| | အမည် ၊ အာဏာတည်ခြင်းနှင့် | ၁ – ၂ |
| | အဓိပ္ပါယ်ဖော်ပြချက် | |
| ၃။ | အခန်း (၂) | |
| | မြေယာခွန်စည်းကြပ်မည့်လယ်မြေများ | ၂ – ၂ |
| ၄။ | အခန်း (၃) | |
| | မြေယာခွန်နှုန်း | ၂ – ၂ |
| ၅။ | အခန်း (၄) | |
| | မြေယာခွန်ကိုနှစ်စဉ်စည်းကြပ်ခြင်း | ၂ – ၃ |
| ၆။ | အခန်း (၅) | |
| | မြေယာခွန်ကင်းလွတ်ခွင့်ပေးခြင်း | ၃ – ၃ |
| ၇။ | အခန်း (၆) | |
| | မြေယာခွန်ကောက်ခံခြင်း | ၃ – ၃ |
| ၈။ | အခန်း (၇) | |
| | မြေခွန်မပြေကျန်ငွေကိုအမှုတွဲဖွင့်၍ကောက်ခံခြင်း | ၃ – ၃ |
| ၉။ | အခန်း (၈) | |
| | တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၃ – ၄ |
| ၁၀။ | အခန်း (၉) | |
| | အယူခံခြင်း၊ ပြန်လည်စစ်ဆေးခြင်းနှင့်ပြင်ဆင်ခြင်း | ၄ – ၄ |
| ၁၁။ | အခန်း (၁၀) | |
| | အထွေထွေ | ၅ – ၅ |

# မွန်ပြည်နယ် မြေယာခွန်ဥပဒေ
# (၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၉။ )

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ပါ ပြဋ္ဌာန်းချက်နှင့် ဇယား ၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအပိုဒ် ၁၊ အပိုဒ်ခွဲ (ဂ) တွင် ဖော်ပြထားချက်အရ မွန်ပြည်နယ်အတွင်း မြေယာခွန်များ စနစ်တကျစည်းကြပ်နိုင်ရန်အလို့ငှာ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်မြေယာခွန် ဥပဒေဟုခေါ်တွင် စေရမည်၊

(ခ) ဤဥပဒေသည် မွန်ပြည်နယ်တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေ၌ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့်ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း၊ သတ်မှတ်သည့်မြေများကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့်ပရဝဏ်များ၊ အများပိုင်ဆိုင်၍စိုက်ပျိုးရေးအတွက်အသုံးမပြုသော မြေများမပါဝင်၊

(ခ) **လယ်မြေ** ဆိုသည်မှာ သဘာဝအရလည်းကောင်း၊ လူတို့ဖန်တီးသော နည်းလမ်းအရသော်လည်းကောင်း၊ စိုက်ပျိုးရေရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံအဓိက စိုက်ပျိုးသောမြေကို ဆိုသည်၊

(ဂ) **မြေခွန်မပြေကျန်ငွေ** ဆိုသည်မှာ ဤဥပဒေအရ ပြဋ္ဌာန်းထားသော မြေယာခွန်များကို မထမ်းဆောင်သောမြေယာခွန်ကို ဆိုသည်၊

(ဃ) **မြေယာခွန်ထမ်းဆောင်ရန်ပျက်ကွက်သူ** ဆိုသည်မှာ ဤဥပဒေအရ ထမ်းဆောင်ရမည့်မြေယာခွန်ကို ထမ်းဆောင်ရန် ပျက်ကွက်သူကို ဆိုသည်၊

(င) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(စ) **ရပ်ကွက်** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေပုဒ်မ ၂၊ အပိုဒ် (က) တွင် ဖော်ပြထားသည့်ရပ်ကွက်ကို ဆိုသည်၊

(ဆ) **ကျေးရွာ** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေပုဒ်မ ၂၊ အပိုဒ် (ခ) တွင် ဖော်ပြထားသည့် ကျေးရွာကို ဆိုသည်၊

(ဇ) **အုပ်ချုပ်ရေးဌာနအဖွဲ့အစည်း** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ဆိုသည်၊

(ဈ) **မြေယာခွန်အရာရှိ** ဆိုသည်မှာ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများကို ဆိုသည်။

## အခန်း (၂)
## မြေယာခွန်စည်းကြပ်မည့် လယ်မြေများ

၃။ လယ်ယာမြေကို ဤဥပဒေပါပြဋ္ဌာန်းချက်များအရ မြေယာခွန်စည်းကြပ်ရမည်။ ဤပုဒ်မသည် အောက်ပါလယ်ယာမြေများနှင့် မသက်ဆိုင်စေရ -

(က) ပြည်နယ်ဝန်ကြီးချုပ်က မြေယာခွန်လွတ် အပိုင်စာချုပ်ဖြင့် ပေးထားသော လယ်ယာမြေ၊

(ခ) တောင်ယာအခွန်တော်စည်းကြပ်ခံရသည့် လယ်ယာမြေ၊

(ဂ) ပြည်နယ်ဝန်ကြီးချုပ်က မြေယာခွန်လွှတ်ထားသော လယ်ယာမြေ။

## အခန်း (၃)
## မြေယာခွန်နှုန်း

၄။ မြေယာခွန်နှုန်းကို ဤဥပဒေနောက်ဆက်တွဲပါအတိုင်း သတ်မှတ်သည်။

၅။ ပုဒ်မ ၄ အရ သတ်မှတ်ထားသော မြေယာခွန်းနှုန်းကို အခါအားလျော်စွာ ပြန်လည်ပြင်ဆင် သတ်မှတ်နိုင်သည်။

၆။ ပုဒ်မ ၅ အရ မြေယာခွန်နှုန်းကို ပြန်လည်ပြင်ဆင်သတ်မှတ်ရာတွင် စတင်စည်းကြပ်ရမည့် နှစ်ကိုပါ သတ်မှတ်ပေးရမည်။

## အခန်း (၄)
## မြေယာခွန်ကို နှစ်စဉ်စည်းကြပ်ခြင်း

၇။ သတ်မှတ်ထားသော မြေယာခွန်နှုန်းကို နှစ်စဉ်မြေယာခွန် စည်းကြပ် ရမည်။

၈။ ပုဒ်မ ၇ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ကွင်း၊ အကွက်ထဲရှိ လယ်ယာမြေပေါ်တွင် လုပ်ကိုင်နေသူ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအသီးသီးပေါ်တွင် ပုဒ်မ ၄ ပါ မြေယာခွန်နှုန်းဖြင့် စည်းကြပ် ရမည်။

၉။ (က) ပုဒ်မ ၇ နှင့် ပုဒ်မ ၈ အရ စည်းကြပ်သော မြေယာခွန်ကို ထမ်းဆောင်ရန်အတွက် လယ်ယာမြေပေါ်တွင် လုပ်ကိုင်နေသူများ (လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း)၊ အားလုံးတာဝန်ရှိစေရမည်။

(ခ) ပုဒ်မ ၇ အရ ဦးပိုင်အလိုက် သို့မဟုတ် ဧကအလိုက် စည်းကြပ်သောမြေယာခွန်ကို ထမ်းဆောင်ရန်အတွက် အဆိုပါမြေယာခွန်စည်းကြပ်ခံရသော လယ်ယာမြေလုပ်ကိုင်သူ၌ တာဝန်ရှိစေရမည်။

## အခန်း (၅)
## မြေယာခွန်ကင်းလွတ်ခွင့်ပေးခြင်း

၁၀။ ဝန်ကြီးချုပ်သည် ဤဥပဒေအရ ပြဋ္ဌာန်းသော နည်းဥပဒေများနှင့်အညီ မြေယာခွန်ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၆)
## မြေယာခွန်ကောက်ခံခြင်း

၁၁။ မြေယာခွန်ကို ဤဥပဒေအရပြုသော နည်းဥပဒေပါနှုန်းထားအတိုင်းကောက်ခံရမည်။

## အခန်း (၇)
## မြေခွန်မပြေကျန်ငွေကို အမှုတွဲဖွင့်၍ ကောက်ခံခြင်း

၁၂။ (က) မြေယာခွန်ထမ်းဆောင်ရန် ပျက်ကွက်ပါက မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အမှုတွဲဖွင့်၍ ကောက်ခံရမည်။

(ခ) ဝန်ကြီးချုပ်သည် မြေခွန်မပြေကျန်ငွေကောက်ခံရန်အတွက် ခရိုင်အုပ်ချုပ်ရေးမှူးကို ကော်လိတ်တော်အရာရှိအဖြစ် ခန့်အပ်ရမည်။

## အခန်း (၈)
## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ပြည်နယ်ဝန်ကြီးချုပ်သည် ဤဥပဒေအရ ဆောင်ရွက်ရန် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့၏ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများပြဋ္ဌာန်း၍ အပ်နှင်းနိုင်သည်။

၁၄။ တာဝန်ဝတ္တရားနှင့်လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ခရိုင်အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပြည်နယ်အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံ၍ ဆောင်ရွက်ရမည်။

၁၅။ (က) ပြည်နယ်ဝန်ကြီးချုပ်သည် သို့မဟုတ် လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းခံရသူသည် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဆောင်ရွက်သည့် မပြီးမပြတ်သေးသော မြေယာခွန်အမှုတွဲကို အဆိုပါ အုပ်ချုပ်ရေးအဖွဲ့အစည်းထံမှ ရုပ်သိမ်းပြီးလျှင် မိမိကိုယ်တိုင်အဆိုပါ အမှုတွဲကို အပြီးအပြတ်ဆောင်ရွက်နိုင်သည် သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးနှင့် အဆင့်ဆင့်သော အုပ်ချုပ်ရေးဌာနများကို ဆောင်ရွက်စေနိုင်သည်၊

(ခ) ပုဒ်မ ၁၃ အရ အာဏာအပ်နှင်းထားသော ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ ဆောင်ရွက်သည့် မပြီးပြတ်သေးသော မြေယာခွန်အမှုတွဲကို မိမိစီရင်ပိုင်ခွင့် အာဏာအတွင်းဖြစ်လျှင် အဆိုပါ အုပ်ချုပ်ရေးမှူးများထံမှ ရုပ်သိမ်း၍ မိမိကိုယ်တိုင်အဆိုပါ အမှုတွဲကို အပြီးအပြတ်ဆောင်ရွက်နိုင်သည် သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများအား အပြီးအပြတ် ဆောင်ရွက်စေနိုင်သည်။

၁၆။ ပုဒ်မ ၁၃ အရ တာဝန်ဝတ္တရားနှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းထားသော ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့သည် မြေယာခွန်နှင့်စပ်လျဉ်းသော မိမိ၏တာဝန် ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန် အကြိမ်ကြိမ်ပျက်ကွက်လျှင်လည်းကောင်း၊ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကိုပိုမိုသုံးစွဲခြင်းပြုလျှင်သော်လည်းကောင်း၊ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကိုအလွဲသုံးစွဲခြင်းပြုလျှင် အာဏာလွှဲအပ်ခြင်းခံရသော တာဝန်ခံက နည်းဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးစေပြီးလျှင် ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရုပ်သိမ်းနိုင်သည်။ ထိုသို့ ရုပ်သိမ်းသည့်အခါ အဆိုပါတာဝန် ဝတ္တရားနှင့်လုပ်ပိုင်ခွင့်များကို မည်သည့်မြေယာခွန်အရာရှိက သုံးစွဲဆောင်ရွက်ရမည်ဟု သတ်မှတ်နိုင်သည်။

၁၇။ ပုဒ်မ ၁၃ အရ မြေယာခွန်ကောက်ခံရန် အာဏာအပ်နှင်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် မြေယာခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ကောက်ခံရရှိပြီးသော မြေယာခွန်ငွေအတွက်လည်းကောင်း တာဝန်ရှိစေရမည်။

## **အခန်း (၉)**
## **အယူခံခြင်း၊ ပြန်လည်စစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်း**

၁၈။ ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ချမှတ်ထားသောအမိန့်များကို အယူခံဝင်ခြင်း သို့မဟုတ် ပြန်လည်စစ်ဆေးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကိစ္စရပ်များ အတွက် ပြည်နယ်အစိုးရအဖွဲ့က နည်းဥပဒေဖြင့် ပြဋ္ဌာန်းနိုင်သည်။

## အခန်း (၁၀)

## အထွေထွေ

၁၉။ တာဝန်ဝတ္တရားနှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များနှင့်လွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၀၊ ၄၈၂တို့အရလည်းကောင်း၊၊ တရားမကျင့်ထုံးဥပဒေအရလည်းကောင်း၊ တရားရုံးများအား အပ်နှင်းထားသည့် အာဏာများကို ရရှိစေရမည်။

၂၀။ ဤဥပဒေအရ သဘောရိုးဖြင့်ပြုလုပ်သော သို့မဟုတ် ပြုလုပ်သည့် သဘောသက်ရောက်သော အပြုအမူတစ်ခုခုနှင့်စပ်လျဉ်း၍ ဤဥပဒေအရ တာဝန်ဝတ္တရားနှင့်လုပ်ပိုင်ခွင့်အပ်နှင်းထားသော အုပ်ချုပ်ရေးမှူးကို တရားမမှုသော်လည်းကောင်း၊ ပြစ်မှုသော်လည်းကောင်း၊ အခြားတရားမှုခင်းသော်လည်းကောင်း စွဲဆိုခြင်းမပြုရ။

၂၁။ အခြားတည်ဆဲတရားဥပဒေများအရ မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ပြဋ္ဌာန်းသည့်နည်းဥပဒေများအရသက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ သို့မဟုတ် စီရင်ဆုံးဖြတ်နိုင်သည့်ကိစ္စများကို မည်သည့်တရားမရုံးတွင်မျှ စီရင်ခွင့်အာဏာမရှိစေရ။

၂၂။ (က) ကောက်ခံရရှိသည့် မြေယာခွန်ကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီး ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်၊

(ခ) ပုဒ်မခွဲ (က) အရ ဝင်ငွေများကို ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ သုံးစွဲရမည်။

၂၃။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရန် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အခြားတည်ဆဲမြေယာခွန်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) အုန်းမြင့်

ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့